မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်း

B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်တို့ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်နှင့် သဘာဝစွမ်းအင်လိုင်းကုမ္ပဏီလီမိတက်နှင့် B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ သဘာဝစွမ်းအင်လိုင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ ဗဟန်းမြို့နယ် ကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဗဟန်းမြို့နယ် အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက

စာမျက်နှာ ၉ ကော်လံ ၃ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်)

မျက်စိကျန်းမာရေး အလေးထားဆောင်ရွက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ''အမြင်သန်စွမ်း ဒို့အခွင့်အလမ်း ခရစ်နှစ် ၂၀၂၀ အရောက်လှမ်း'' ဟူသည့် ဆောင်ပုဒ်ကို ရေရှည်ရည်မှန်းချက်ချမှတ်ထားပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ မျက်စိကွယ်စေတတ်သည့် ရောဂါများထဲမှ ကာကွယ်၍ ရသည့်ရောဂါ၊ ကုသ၍ ရသည့်ရောဂါများအားလုံး ၂၀၂၀ ပြည့်နှစ်တွင် ပျောက်ကင်းရန် နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ မျက်စိရောဂါဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်လျှင် မျက်မမြင်ဖြစ်ရသည့် ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသည့်ရောဂါဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အရောက်၌ ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်နှင့် မျက်စိကွယ်သည့်နှုန်းကို ရာခိုင်နှုန်း ၀ ဒသမ ၅ အောက် လျော့ကျစေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိသည်။

ယင်းရည်မှန်းချက်ကို အောင်မြင်ရန် အကောင်အထည်ဖော်ရာတွင် ၂၀၂၀ ပြည့်နှစ်အရောက်၌ ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းခြုံမိစေရန်အတွက် အတွင်းတိမ်ခွဲစိတ်မှုနှုန်း တစ်နှစ်လျှင် ၁၄၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အတွင်းတိမ်ခွဲရာ၌ မျက်ကြည်မှန်ထည့်သည့်နှုန်း ရာခိုင်နှုန်း ၉၀ အထိ တိုးမြှင့်နိုင်ရန်နှင့် မျက်စိအထူးကုဆရာဝန်များ၊ မျက်မှန်ပညာရှင်များနှင့် မျက်စိသူနာပြုများ တိုးမြှင့်မွေးထုတ်ပေးရန် စသည့် လုပ်ငန်းများကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ယခုအခါအကြောင်းအမျိုးမျိုးကြောင့် မျက်စိကုဌာနသို့လာရောက်၍ ကုသမှုမခံယူနိုင်သည့် မျက်စိဝေဒနာရှင်များကို မျက်စိအထူးကုဆရာဝန်ကြီးများသည် မြို့နယ်၊ ကျေးရွာများအထိ ကွင်းဆင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုများကို ကုသပေးလျက်ရှိသည်။ အတွင်းတိမ်၊ ရေတိမ်အစရှိသည့် ခွဲစိတ်ကုသမှုများကို အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။

ယခုအခါ လူတစ်သန်းတွင် အတွင်းတိမ်ခွဲစိတ်မှုနှုန်း ၁၃၇၀၊ အတွင်းတိမ်ခွဲစိတ်ပြီး မျက်ကြည်မှန်ထည့်သည့်နှုန်း ၉၃ရာခိုင်နှုန်း၊ မျက်စိကုဌာနပေါင်း ၆၁ခုနှင့် မျက်စိဆရာဝန်ပေါင်း ၂၅၈ဦးရှိလာပြီဖြစ်၍ ရည်မှန်းချက်၏ ၉၀ရာခိုင်နှုန်း ပြည့်မီနေပြီဖြစ်သည်။

သို့ဖြစ်၍ ပြည်သူတိုင်းသည် မျက်စိကျန်းမာရေးကို အထူးဂရုပြုပြီး ၂၀၂၀ ပြည့်နှစ်တွင် မျက်စိရောဂါများ လျော့နည်းပပျောက်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇောက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းနွဲ့က ရှေးဦးသူနာပြုစုခြင်း၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

ဆုများပေးအပ်

သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြဆရာများနှင့် ထူးချွန်ဆုရကြက်ခြေနီ မောင်မယ်များအား ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇော၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်စန်းနွဲ့၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဇော်မျိုးထိုက်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်မြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၂၂၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မအူပင်မြို့ နယ်မြေခံတပ်ရင်း၌ ရာသီသီးနှံနှင့် မတ်ပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ကြည့်ရှုအားပေး

တိုင်းမှူးသည် ဇန်နဝါရီ ၁၄ ရက်က ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသော အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲဖွင့်ပွဲသို့ တက်ရောက်၍ ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြပွဲတွင် ပြသရောင်းချနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူးကျင်းပမည့် ရေးမြန်မာသူရဲကောင်းများ၏ ခေါင်းဆောင်မှုပုံစံများ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ရန်ကုန်မြို့ Chatrium Hotel ၌ ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဦးကျော်ကျော်လှိုင် (Smart Technical Service)က ဟောပြောပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၁-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၈၅၊ ၇၃၁-၀၉၈၁၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက် မိတ်ဆွေများအားလုံး တက်ရောက်ရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာ လွင်လွင်စိုး (ရန်ကုန် ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၆၉၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရွှေ (DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် (ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ (ဦးစီး-၁) ဖုန်း-၅၄၄၉၈၀၊ ဦးစံထိုက် (ဦးစီး-၂) ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့် (ဦးစီး-၃) ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ(ဦးစီး-၃) ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉နှင့် ဦးကျော်ဝင်း ဖုန်း-၀၂၃၉၁၇၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပညာရေးစုံညီပွဲတော် ရေးမြို့နယ်၌ ကျင်းပ

ရေး ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ရေးမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစန်းညွန့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထက(၂) ကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော် ဒို့နွဲပျော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။ ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး စန်းညွန့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှလှကြည်က ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ်ပညာရေး)

ဆုချီးမြှင့်

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျောင်းရှေ့အားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းလူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ဆုရရင်သွေးငယ်များအား ဆုချီးမြှင့်စဉ်။ (၁၂၃)

ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် ထိုင်းဘုရင့် တပ်မတော်နေ့ အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Col. Prachern Chaiyakit ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆဋ္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၌ ကျင်းပသော ၂၀၁၀-၂၀၁၁ခုနှစ် ဆဋ္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အနိုင်ရဗိုလ်စွဲ

အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် တော်ပုလဲအသင်းနှင့် ဝက်ကိုက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်ကိုက်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ နှစ်သိမ့်ဆုရ ဘောလုံးအသင်းများအား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရဲတင့်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို ဦးခင်မောင်စိုးက လည်းကောင်း၊ တတိယဆုရ ကမာပါဈေးပိုင်း ဘောလုံးအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံသိန်းက လည်းကောင်း၊ ဒုတိယဆုရ တော်ပုလဲ ဘောလုံးအသင်းအား ကွမ်းခြံကုန်း မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းကလည်းကောင်း၊ ပထမဆုရရှိသော ဝက်ကိုက်အသင်း တစ်ဦးချင်းဆုတံဆိပ် ချီးမြှင့်ခြင်းကို ဦးစိန်တင်ဝင်းက လည်းကောင်း၊ သုံးနှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲသွားသည့် ပထမဆုရ ဝက်ကိုက်အသင်းအတွက် အမျိုးသားတံခွန်စိုက် ဖလားနှင့် ဆုငွေတို့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ(အောက်ပုံ)ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ရေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် စွမ်းအားသစ် အိုအေစစ် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးခိုင်ဦးနှင့် သဘာဝစွမ်းအင်လိုင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦးတို့က ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပဋိညာဉ်စာချုပ်ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် စွမ်းအားသစ်အိုအေစစ် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးခိုင်ဦးတို့က လည်းကောင်း၊ အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပဋိညာဉ်စာချုပ်ကို ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် သဘာဝစွမ်းအင်လိုင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦး တို့က လည်းကောင်း လက်မှတ်ရေးထိုးကြပြီး ပဋိညာဉ်စာချုပ်များကို အပြန်အလှန် လဲလှယ်ကြကာ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ယနေ့ကျင်းပသော အခမ်းအနားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအား စွမ်းအားသစ် အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ အညာဖျားချောင်းပေါ်တွင် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအား သဘာဝစွမ်းအင်လိုင်း ကုမ္ပဏီလီမိတက်တို့က လည်းကောင်းB.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဋိညာဉ် စာချုပ်များ လက်မှတ်ရေးထိုးကြခြင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လက်မှတ်ရေးထိုး — **အညာဖျားရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ဇနာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၉ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ ခုနှစ် ပြာသိုလပြည့်နေ့ (ဥပုသ်နေ့)
၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ **စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး**
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
၄း၂၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၄း၃၀ ၅။ အတီးပြိုင်ပွဲ
၄း၄၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၅၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၈။ သီချင်းကြီးပဒေသာ
၅း၁၀ ၉။ တေးဂီတအစီအစဉ်
၅း၂၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၃၀ ၁၁။ International Science News
၅း၃၅ ၁၂။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၃။ ညနေခင်းသတင်း
၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၅။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
၆း၄၀ ၁၆။ ရွှေရင်ခုန်သံ
၇း၀၅ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀ ၁၈။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၈)
၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း **တစ်မျိုးမူတဲ့ ပဲခူးသူမို့လေ** နိုင်းနိုင်း၊ နန္ဒာလှိုင် [ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)]
၂၅။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၆။ အစီအစဉ်ပြီး၏။



မတော်တဆ

ဇန်နဝါရီ ၁၇ ရက်က စမ်းချောင်းမြို့နယ် ဗဟိုလမ်းမကြီးနှင့် မင်းလမ်းထိပ်တွင် မင်းလမ်းအတွင်းသို့ ချိုးဝင်သည့် ဆလွန်းကားတစ်စီးနှင့် အငှားယာဉ်တစ်စီးတို့ မတော်တဆချိတ်မိကြစဉ်။

(၁၀၃)

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တရုတ်ပြည်အရှေ့ပိုင်း၌ နှင်းထူပြီး အအေးလွန်ကဲ

ပေကျင်း ဇန်နဝါရီ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်းတွင် နှင်းများထူထပ်စွာကျပြီး အအေးလွန်ကဲလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဇန်နဝါရီ ၁၈ ရက်က ဖော်ပြပါရှိသည်။

ပြတ်တောက်

နိုင်ငံအရှေ့ပိုင်း အထူးသဖြင့် ကျန်ဇီပြည်နယ် ကျူကျင်းမြို့၌ ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက နှင်းမိုးရွာချသဖြင့်(ဓါတ်ပုံ) အသွားအလာများခက်ခဲကာ ဆက်သွယ်ရေးများပြတ်တောက်သွားသည့်အပြင် မြို့သူမြို့သားများ အိမ်ပြင်မထွက်ရဲအောင်ဖြစ်နေကြသည်ဆို၏။ ထို့ပြင် လျှပ်စစ်မီးများလည်း ပြတ်တောက်ကုန်သည်ဟုဆိုသည်။

သတိပေး

ကျန်ဇီမိုးလေဝသဌာနကလည်း ဇန်နဝါရီ ၁၇ရက်က မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ တိုင်းတာတွေ့ရှိချက်များအရ နှင်းထူထပ်စွာ ကျရောက်နိုင်ကြောင်း ကြိုတင်သတိပေးထားပြီးဖြစ်သည်။ ပြည်နယ်အတွင်း အချို့ဒေသတို့တွင် ကျဆင်းသောနှင်းထုမှာ ၈ စင်တီမီတာအထိရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းထောင်ကို သေနတ်သမားများ တိုက်ခိုက် အကျဉ်းသား ၁၂ ဦး ထွက်ပြေးလွတ်မြောက်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၈

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာပြည်နယ် အကွီးလီဆာဒန်မြို့ရှိ အကျဉ်းထောင်တစ်ခုကို လက်နက်ကိုင်အုပ်စုတစ်စုက ဇန်နဝါရီ ၁၇ ရက်၌ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အကျဉ်းသား ၁၂ ဦးလွတ်မြောက်သွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဖြစ်ပွားပုံမှာ ဒေသစံတော်ချိန် နံနက် ၅နာရီခွဲ၌ အကျဉ်းသားအချို့သည် အကျဉ်းထောင် ကြီးကြပ်သူများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြောင်း၊ ၎င်းအချိန်တွင် အကျဉ်းထောင် အပြင်ဘက်သို့ ဘန်ကားနှစ်စီးဖြင့် သေနတ်သမားတစ်စု ရောက်ရှိလာပြီး အကျဉ်းထောင်ခြံစည်းရိုး သံဆန့်ခါများကို ဖောက်ခွဲဖြိုချခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အကျဉ်းသားများ လွတ်မြောက်သွားပြီးနောက် အကျဉ်းထောင်အနီး ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။

လွတ်မြောက်သွား

ရုန်းရင်းဆန်ခတ်မှုနှင့် ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် အကျဉ်းသား ၁၂ ဦးသည် ဘန်ကားတစ်စီးဖြင့် ထွက်ပြေး လွတ်မြောက်သွားကြောင်း၊ ထိုအချိန်တွင် ကျန်ဘန်ကားတစ်စီးမှာ အကျဉ်းထောင်မှ နှစ်ကီလိုမီတာအကွာတွင် ရှိနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ



သဘာဝဓာတ်ငွေ့သိုက် အီရန်တောင်ပိုင်း၌တွေ့ရှိ

တီဟီရန် ဇန်နဝါရီ ၁၈

အီရန်နိုင်ငံတောင်ပိုင်း အဆာလုံရေနံမြေ၌ ကေယမ်ဟု အမည်ပေးထားသည့် သဘာဝဓာတ်ငွေ့သိုက်တစ်ခုတွေ့ရှိထားသည်ဟု အီရန်ရေနံဝန်ကြီး မာဆွတ် မာကာဇီမီက ပြောကြားခဲ့ကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက ဇန်နဝါရီ ၁၈ရက်တွင် ကြေညာသည်။

သုံးစွဲနိုင်

အဆိုပါဓာတ်ငွေ့သိုက်ပမာဏမှာ ကုဗမီတာဘီလီယံ ၂၆၀ခန့် ရှိကြောင်း၊ ၈၀ရာခိုင်နှုန်းကို ထုတ်ယူသုံးစွဲနိုင်ကြောင်း အီရန်ရေနံဝန်ကြီး မာဆွတ်မာကာဇီမီက ပြောကြားသည်။

ပိုင်ဆိုင်

ပါရှားပင်လယ်ကွေ့အတွင်းတွင် အီရန်နှင့် ကာတာနိုင်ငံတို့သည် ကြီးမားသော သဘာဝဓာတ်ငွေ့ထွက်သည့်(**အပေါ်ပုံ**) ဓာတ်ငွေ့သိုက်များကို ပိုင်ဆိုင်ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဘတ်စ်ကားတစ်စီးပေါက်ကွဲမီးလောင် ခရီးသည် ၁၆ ဦး သေဆုံး၊ ၁၁ ဦး ဒဏ်ရာရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာဒေသတွင် ဇန်နဝါရီ ၁၇ ရက်က ခရီးသည်တင်မီနီဘတ်စ်ကားတစ်စီး ပေါက်ကွဲမီးလောင်မှုဖြစ်သဖြင့် ၁၆ ဦး သေဆုံးပြီး၊ ၁၁ဦး ဒဏ်ရာရရှိ သွားသည်။

မီးလောင်

မီနီဘတ်စ်ကား ပေါက်ကွဲမီးလောင်သည့်(**အောက်ပုံ**) နေရာမှာ ခိုင်ဘာပြည်နယ် ဟန်ဂူးခရိုင်တွင် ဖြစ်သည်။

ခရီးသည်များ တင်ဆောင်လာသည့် အဆိုပါမီနီဘတ်စ်ကားသည် ဟန်ဂူးမှ ကိုဟက်သို့အသွား လမ်းခရီးတွင် ပစ်ကပ်ကားတစ်စီးနှင့် တိုက်မိပြီး၊ ကားပေါ်မှ ဓာတ်ငွေ့အိုးများ ပေါက်ကွဲသွားသဖြင့် ခရီးသည်များ သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ပြောကြား

ဒဏ်ရာရသူ အများအပြားမှာ ဒဏ်ရာပြင်းထန်၍ အရေးပေါ်အခြေအနေအဖြစ် ဒေသဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ခရိုင်ရဲမှူးကြီး အဗ္ဗဒူရာရှစ်က ပြောကြားသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်၌ စားပြဂိုဏ်းချင်းတိုက်ပွဲဖြစ်

ဒါကာ ဇန်နဝါရီ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချားဘာရှာဒေသတွင် စားပြဂိုဏ်းနှစ်ဂိုဏ်း နယ်လုရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း ဇန်နဝါရီ ၁၈ရက် နံနက် အစောပိုင်းတွင် ထိုတိုက်ပွဲဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့ကြောင်း အင်တာနက်တွင် ဖော်ပြသည်။

ချားဘာရှာနယ်အတွင်း အင်အား ၂၀ခန့်ရှိ စားပြများ နယ်ကျော်ဝင်ရောက်ရာမှ ထိုဒေသတွင် ကျင်လည်လှုပ်ရှားနေသည့် အခြားစားပြဂိုဏ်းသားများနှင့် ပစ်ခတ်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဥရောပကမ္ဘာလှည့်ခရီးသည်များအား ပြန်ပေးဆွဲရန်ကြိုးပမ်းမှု ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်များတားဆီးနိုင်

ဆာနား ဇန်နဝါရီ ၁၈

ယီမင်နိုင်ငံ ဆာနားမြို့တော်အနောက်ဘက် ကျေးရွာတစ်ရွာအတွင်း၌ ဥရောပကမ္ဘာလှည့်ခရီးသည် လေးဦးကို ပြန်ပေးဆွဲရန် ကြိုးပမ်းသည့် လက်နက်ကိုင်တစ်စုနှင့် ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ဇန်နဝါရီ ၁၇ရက်က အပြန်အလှန်ပစ်ခတ်ကြရာ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ကလေးငယ်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ထိပ်တိုက်တွေ့

ယင်းဒေသအတွင်း ချက်သမ္မတနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်လေးဦးတို့ ခရီးထွက်ကြစဉ် ဆာနားမြို့တော်အနောက်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ အယ်ဟိုင်မာအယ်ခါရီဂျာခရိုင်အတွင်းတွင် ပြန်ပေးသမားများက ပြန်ပေးဆွဲရန်ကြိုးစားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ကြခြင်းဖြစ်သည်။

ကယ်တင်နိုင်

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမ္ဘာလှည့်ခရီးသည်များကို လိုက်ပါစောင့်ရှောက်နေရာမှ ယခုကဲ့သို့ ပြန်ပေးသမားများ၏ကြိုးပမ်းမှုကို တွန်းလှန်ကာ ကယ်တင်နိုင်ခဲ့သည်ဟုသိရသည်။ **(အင်တာနက်)**

ကိုရီးယားသမ္မတနိုင်ငံ ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ

အားကစားဝန်ကြီး သူရဦးအေးမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့နှင့်ပူးတွဲလေ့ကျင့်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Seo Ok Soo၊ ကိုရီးယားသမ္မတနိုင်ငံ GANG WON-DO မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Proff: Mr. Park Young IL နှင့်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ် ပူးတွဲလေ့ကျင့်ရေးနှင့်ယှဉ်ပြိုင်ရေး နည်းစနစ်များဖလှယ်ရေး၊ နှစ်နိုင်ငံအားကစား ဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ဝန်ကြီးက ဝမ်ဂျူးမြို့ အားကစားကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Seo Ok Soo နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတ၌ လမ်းဖွင့်ပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၁၈

ဟသ်ာတမြို့ တာကလေးရပ်ကွက် ရပ်ကွက်ဆက်စပ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီက တာကလေးရပ်ကွက် သော်တာအေးလမ်း အဝင်မုခ်ဦး၌ကျင်းပရာ ဖွင့်ပွဲသို့ ရပ်ကွက်ပြည်သူများ၊ အလှူရှင်များ စုံညီစွာတက် ရောက်ကြပြီး အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးသိန်းဟန်နှင့် ဦးဝင်းရှိန်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းသည် အရှည်ပေ ၃၅၀၀၊ အကျယ် ၁၁ ပေရှိ ကွန်ကရစ်လမ်းဖြစ်ပြီး စေတနာရှင် ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၃၆၅၃၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ (၁၇၇)

အာစရိယ ပူဇော်ကြမည်

နေပြည်တော် ဇန်နဝါရီ ၁၈

ဓာတုဗေဒ၊ ကုန်ထုတ်ဓာတု (၁၉၇၃-၇၇)

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(၁၉၇၃-၇၇)ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း Central Hotel Yangon ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲနှင့်ပတ်သက်၍ ဦးကျော်တင့် ဖုန်း-၇၃၀-၁၇၁၈၆၊ ဦးတိုးဝင်း ဖုန်း-၀၉-၈၀၂၀၇၃၅၊ မနွယ်နွယ်အောင် ဖုန်း-၀၉-၅၀၄၇၃၃၀ နှင့် မစန်းစန်းနွယ်(ဘုတ်ဆုံ) ဖုန်း- ၀၉-၅၀၁၉၁၄၆တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

နတ်တလင်းအသင်း (ရန်ကုန်)

နတ်တလင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားထူးချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှောရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များ၊အသင်းသူ အသင်းသားများ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်များတွင် ဂုဏ်ထူးရရှိသူ သားသမီးများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဋ္ဌမတန်းစာမေးပွဲများတွင် ဂုဏ်ထူးရရှိသူများ၊ အခြေခံပညာအဆင့်ကျန်အတန်းများတွင် တန်းခွဲတစ်ခုချင်းအလိုက် ပထမရသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူး ရရှိသူများ၏ အမည်စာရင်းများကို ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးမောင်မောင်မြင့် ဖုန်း-၂၂၂၂၆၀၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) ဖုန်း-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဒုတိယရဲမှူးကြီးသိန်းထွန်း(ငြိမ်း)ဖုန်း-၅၈၄၃၀၅၊ ဦးဝင်းအောင် ဖုန်း-၀၉-၅၁၁၂၈၁၀ နှင့် အသင်းတိုက် ဖုန်း-၀၉-၈၆၁၇၈၇၆ တို့ထံသို့ အချိန်မီ ဆက်သွယ်ပေးပို့ကြရန်နှင့် မပျက်မကွက် တက်ရောက်ကြရန်ဖြစ်ကြောင်း သိရှိရသည်။

အထက(၂) ဒဂုံ (မြို့မ)

အထက(၂)ဒဂုံ(မြို့မ)ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ဦးဘလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုပါက ကိုအောင်မိုးသိန်း(၁၉၇၉) ဖုန်း-၀၉-၅၀၇၀၃၄၂၊ ဒေါက်တာဆွေလှ(၁၉၇၉) ဖုန်း-၀၉-၅၀၀၁၃၀၀၊ မဆွေမျိုးမြင့်(၁၉၈၀) ဖုန်း-၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း(၁၉၈၃) ဖုန်း-၂၂၄၇၄၄၊ မစာဆို(၁၉၈၄) ဖုန်း-၀၉-၅၀၈၇၀၄၄၊ မစပယ်(၁၉၈၅) ဖုန်း -၂၂၄၇၄၄၊ မစန်းစန်းဝင်း(၁၉၈၅) ဖုန်း-၃၈၃၇၃၇၊ ကိုသတိုးကြည်ဆွေ(၁၉၈၅) ဖုန်း-၅၄၁၁၂၃၊ မခင်မိုးလွင် (၁၉၈၆)ဖုန်း-၀၉-၅၁၅၈၃၅၂၊ မမြမြကြွယ်(၁၉၈၈)ဖုန်း-၀၉-၅၁၅၄၈၂၆ နှင့် ကိုစိန်မင်း(၁၉၉၄) ဖုန်း-၇၃၀၇၁၇၂၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

သမိန်ထော အထက

ဖျာပုံမြို့နယ် သမိန်ထောအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးအောင်သောင်း ဖုန်း-၀၉-၅၅၀၄၄၅၉၊ ဦးမြင့်ဇော်ဦး ဖုန်း-၀၉-၅၄၁၂၆၇၉၊ ဦးအောင်မျိုး ဖုန်း-၀၉-၅၀၈၇၃၄၁၊ ဦးမြင့်အောင် ဖုန်း-၀၉-၈၅၉၁၅၀၉၊ ဦးမောင်ယဉ်မြင့် ဖုန်း-၀၉-၄၉၇၅၆၂၆၀နှင့် ဦးမျိုးမြင့် ဖုန်း-၀၉-၄၉၇၅၇၀၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ဥက္ကံမြို့မအသင်း (ရန်ကုန်)

ဥက္ကံမြို့မလူမှုရေးအသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဘွဲ့ထူး ဂုဏ်ထူးရရှိသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း-ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသက်(၈၀)ပြည့် အသင်းဝင်များ၊ ယခုနှစ် နိုင်ငံတော် ဘွဲ့ထူး ဂုဏ်ထူးရ ဥက္ကံနယ်သားများနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးအောင် အသင်းဝင်သားသမီးများ အမည်စာရင်းကို ဇန်နဝါရီ ၂၃ ရက်မတိုင်မီ အသင်းအမှုဆောင် ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊ ဦးမောင်မောင်သန်း ဖုန်း-၅၁၇၁၈၃ နှင့် ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇တို့ထံ ပေးပို့ကြရန်နှင့် အသင်းဝင်များနှင့် အသင်းဝင်လိုသူများ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

အထက(၂) ရန်ကင်း

ရန်ကင်းမြို့နယ် အထက(၂) (ယခင်ကျောက်ကုန်းစိန့်မိုက်ကယ်)ကျောင်းတွင်(၁၉၅၆-၆၀မှ ၂၀၁၀)အထိ နှစ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသောကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားသည့် ဆရာ ဆရာမများအား(၁၇) ကြိမ်မြောက် အာစရိယပူဇော်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီအရောက် အထက(၂)ရှေ့ဆောင်ခန်းမသို့ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

တာမွေမြို့နယ် ဩဘာလမ်း အမှတ်(၇၂)နေ ဒေါ်ညွန့်ညွန့်၊ ဦးတင်ဝင်း၊ ဦးဗိုလ်ကြိုင်မိသားစုက ကွယ်လွန်သူဖခင်ကြီးဦးထွန်းရှိန်၊ မိခင်ဒေါ်အုန်းခင်နှင့် အစ်မဒေါ်သောင်းစိန်တို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့်စောင့်ရှောက်ရေး သူနာပြုဒေါ်ခင်ခင်ယုတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဗဟန်း အထက(၂) ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားကို ဗဟန်းမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ မိုးကုတ် ဦးကျော်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်တို့က အမှာစကား ပြောကြားကြပြီးနောက် တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံးဆု၊ ဘာသာစုံဂုဏ်ထူးရှင် ကိုးဦး၊ မြို့နယ် ဘက်စုံထူးချွန်ဆုများ၊ အားကစားဆု၊ စာစီစာကုံး၊ ပန်းချီ၊ ကျောင်းကျန်းမာရေးနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းစိန် အထက(၁) ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အင်းစိန် အထက(၁)၏ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန် ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင်မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန်က အမှာစကားပြောကြား၍ အသင်းနာယက ဦးဘိုကြည်၊ ဦးအောင်သိန်း၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးစောသိန်း၊ ဦးတင်ဦးနှင့် တန်းချုပ်ဆရာ ဆရာမများကဘက်စုံထူးချွန်ဆုရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

အဆိုပါအခမ်းအနားတွင် နှစ်စဉ်ခွင့်ရက်ပျက်မရှိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများ၊ အတန်းလိုက် ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများ၊ မူးယစ်ဆေးဝါးနှင့် ကြက်ခြေနီအထိမ်းအမှတ် စာပေပြိုင်ပွဲတွင်ဆုရရှိသူများ၊ စကားရည်လုပွဲ၊ ကျပန်းပွဲများတွင် ဆုရရှိခဲ့သူများ၊ အားကစားထူးချွန်ဆုရရှိသူများ၊ ဓမ္မစကြာဝတ်ရွတ်ပွဲနှင့် ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

မြို့နယ်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က လှိုင်မြို့နယ် အမက(၃၀)၌ ကျင်းပရာ ဘက်စုံထူးချွန် ပထမဆုအပါအဝင် ထူးချွန်ဆုရှစ်ဆုရရှိသော စတုတ္ထတန်းကျောင်းသူ မခင်ရတနာတင့်အား ပညာရေးမှူး ဆရာမကြီးဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

သောင်ဒူးရွာသားလေး မောင်ထူးကျော်၏ ဝဋ္ဋနာကံနာအရှင်းပျောက်စေခဲ့သည့် စေတနာရှင်များ၏ ကြိုးပမ်းမှုရလဒ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၂)ကို ဖြန့်ချိလိုက်သည်။

ခင်မောင်ညို(ဘောဂဗေဒ)၏ ဘောဂဗေဒနှင့်ကိုယ်ကျင့်တရား၊ ဘဏ်တိုးထက် ကိုက်မယ်ဟုယူဆ၍ ရွှေဝယ်သူများလာ၊ သက်တမ်း(၁၉)နှစ်ရှိ CB ဘဏ် ခိုင်မာလျက်ရှိဟုဆို၊ ငွေကျပ်ငါးသိန်းတန်ဖုန်းများ အင်တာနက်အသုံးပြုခွင့်ရရန် ရွှေသံလွင်ကုမ္ပဏီက ဝန်ဆောင်မှုပေးမည်၊ အပျံသင်စ သတင်းထောက်ငယ်များသို့၊ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ပြင်ဦးလွင်မြို့၏ပြယုဂ်ရထားလုံးများ၊ ငှက်ဖျားဆေးနှင့်မတည့်သည့်ပြဿနာများ အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွား၊ အနုပညာရှင်များ လူမှုရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားလာ၊ သီရိလင်္ကာနိုင်ငံတွင်ပြုလုပ်မည့် သာသနာတော်သက္ကရာဇ် (၂၆၀၀)ပြည့် အခမ်းအနားသို့ မြန်မာနိုင်ငံမှ သွားရောက်ပြသမည်။

တောင်ကိုရီးယားက မြောက်ကိုရီးယားပင်လယ်ရေပြင် နယ်နိမိတ်အနီး အာရုံခံကိရိယာများ တပ်ဆင်သွားမည်၊ အိုစမာဘင်လာဒင်၏ သားသမက် အပါအဝင် အယ်လ်ခိုင်ဒါ ၄၇ဦးအား ဆော်ဒီအာရေဗျက အလိုရှိနေ၊ စစ်မျက်နှာစုံဖွင့်၍ စစ်ပွဲများဆင်နွှဲရန် အစ္စရေး ပြင်ဆင်၊ ဟားမာ့စ်နှင့်ဟစ်ဇဘိုလာတို့ ပတ်လည်မှာ ဒုံးပျံတွေစသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်တန်း အထက ကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကျောက်တန်းမြို့ အထက ကျောင်းသားဟောင်းများ၏(၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် အသောကရာမပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ယခင်အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အထက(၁)နှင့် (၂)တွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် အသက် (၆၀) ပြည့်ပြီးသော ဆရာ ဆရာမကြီးများ တက်ရောက်နိုင်ကြရန်ဖြစ်ပြီး အလှူငွေနှင့် ပစ္စည်းများကို ဒေါ်မြင့်မြင့်စီ ဖုန်း-၀၁-၅၄၅၆၉၉၊ ဒေါက်တာ အောင်စည် ဖုန်း-၀၉-၅၁၅၅၉၂၇၊ ၀၅၆-၂၅၆၁၄၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၀၀၁၈၆နှင့် ဦးသောင်းထွဋ်ကျော် ဖုန်း-၀၉-၅၁၅၁၇၈၂၊ ၀၅၆-၂၅၄၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ပညာရေး)**

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဒေသတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်က ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။ ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကုန်းမြို့၌ အာစရိယပူဇော်

ကျောင်းကုန်း ဇန်နဝါရီ ၁၈

ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အထက(ခွဲ) သံလွင်ဆောင်ခန်းမ၌ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ရှေးဦးစွာ အပူဇော်ခံ ဆရာ၊ ဆရာမကြီး ၃၆ ဦးအား ပူဇော်ကန်တော့၍ ဂါရဝ လက်ဆောင်ပစ္စည်းများနှင့် ပူဇော်ငွေများကို ကျောင်းသားဟောင်းများက တစ်ဦးချင်း ပေးအပ်ကြသည်။

ထို့နောက် အပူဇော်ခံဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသန်းအောင်၊ ဆရာကြီး ဦးဝင်းမောင်၊ ဦးစိုးမြင့်၊ ဦးကျော်လှိုင်နှင့် ဦးစိုးမြင့်သန်းတို့က ဩဝါဒစကား ပြောကြားသည်။**(အပေါ်ပုံ)**

ပြောကြား

ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဌေးက ရှင်းလင်းပြီးနောက် ကျောင်းသားဟောင်းများဖြစ်ကြသော ဦးတင်မောင်ဦး၊ ဦးအောင်မင်းနှင့် ဦးဟန်ကျော်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်းသိရှိရသည်။ **(၁၅၄)**

ဆုချီးမြှင့်

တောင်ဥက္ကလာပ မြို့နယ် အလက(၄)၏၂၀၁၀-၂၀၁၁ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန် ဆုပေးပွဲတွင် သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုနှင့် သချာ်စွမ်းရည်ပြိုင်ပွဲဗဟို အဆင့်တွင် ဒုတိယဆု ရရှိသော မောင်ပြည့်သူရစိမ်းအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၈

ကိုရီးယားသမ္မတနိုင်ငံ Korea Trade and Investment Promotion Agency (KOTRA) ကိုရီးယားဆေးဝါးထုတ်လုပ်သူများအသင်း(KPICA) ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဇော်မိုးခိုင် ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဇော်ထွန်းအေး၊ အလုပ်အမှုဆောင် ဦးကျော်သိန်း၊ ဒေါက်တာ ခင်သီရိ၊ ဒေါက်တာသန်းသန်းနု၊ ဦးဝင်းလင်းထွန်း၊ အသင်းဝင်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ဝင်း၊ ဦးတိုးလေး၊ ဒေါက်တာ ချိုချိုထွန်း၊ ဒေါက်တာ သင်းသင်းဆက်၊ ဦးသန်းအောင်နှင့် ဒေါ်သဲစုအောင်တို့သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစောမြအောင်နှင့် ဒေါက်တာ အေး ကျော်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်းသိရှိရသည်။**(အပေါ်ဝဲပုံ)** **(ဆေးပစ္စည်းကုန်သည်အသင်း)**

မန္တလေး၌ ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

MANDALAY Exhibition 2011 နှင့်စပ်လျဉ်း၍ စာနယ်ဇင်း မိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပရာ ကုန်စည်ပြပွဲ စီစဉ်ကျင်းပသည့် MGB Business Group ဥက္ကဋ္ဌ ဦးသန်းထွေးနှင့် ပူးပေါင်းပါဝင်ပြသကြမည့် ကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

MANDALAY Exhibition 2011ကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ (မြို့တော်ခန်းမ-၁)၌ နေ့စဉ်နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြသမည်

ကုန်စည်ပြပွဲကို MGB Business Groupက စီစဉ်ဆောင်ရွက်ကျင်းပခြင်းဖြစ်ပြီး TMW Enterprise Co.,Ltd. က နာမည်ကြီး Brand များဖြစ်သော Sony, LG, INAX နှင့် RAMMAR AUTOMOBILE MANUFACTURING & TRADING Co., Ltd.၊ ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်တို့က Main Sponsor အဖြစ် ပူးပေါင်းပါဝင် ပြသမည့်အပြင် SYH, Ocean Glory Ltd. မှ LEECO, TWJS Co., Ltd. Horizon In'L Education Center နှင့် KENBO Motorcycle တို့မှ Co-Sponsor များအဖြစ် ပြသသွားမည်ဖြစ်သည်။ပြပွဲတွင် Champion Construction Materials Co.Ltd., NOW HOW, MAMEE, COOL SPEED, Keara Sys, FAIT DEAL, MAMA, THREE FRIENDS Construction Co. Ltd., bsc Cosmetology, P& P, Angel Soap Series, AQUOS Cosmetic, SMART Electronic Dictionary, SUPER MEGA Engineers Group Trading Co. Ltd., Home, Poccilini, COMO, Richy, Silk-n-Shine, HAICNEAL, Schick, STIEBEL ELTRON, TOP CHOICE ဗလာစာအုပ်၊ COMODITEE, T.E.M, Pierre Cardin, AC MAKEUP, Rinnai, TOP Fiber Glass, KMA Cosmetics, Parachute, SPIKE, KTK Electrical Engineering, Smile, Carla Rina, SHEENE စသည်တို့မှ ပြခန်းပေါင်း ၁၀၀ ခန့် တင်ဆက်ပြသရောင်းချကြမည်ဖြစ်သည်။

ဆက်သွယ်

ကုန်စည်ပြပွဲအကြောင်းနှင့် ပြခန်းများပြသလိုပါက ဦးသန်းထွေး (ဥက္ကဋ္ဌ) MGB Business Group ဖုန်း-၀၉-၅၁၂၃၃၄၅ နှင့် ၀၉-၄၉၂၅၆၀၄၈ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ၌ သုတစံအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က လှူဒါန်းသော သုတ၊ ရသစာအုပ်များကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး မြို့နယ်သတင်းထောက် ဦးနေလင်းက မြို့နယ်ဥက္ကဋ္ဌ ဦးသီဟဲစိုးထံ ပေးအပ်လှူဒါန်းစဉ်။ (၀၅၃)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကမ္မ-မြေပတောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သန်းသန်းစိုး ဆောင်ရွက်နေခြင်းအား ဇန်နဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

19-1 (06).pmd 1 1/19/2011, 2:10 AM

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်၊အယ်လိုင်နစ်ခ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ သွားရောက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ရင်းနှီးပွင့်လင်း

ဒုတိယနိုင်ငံခြားရေး ဝန်ကြီးများ ဦးဆောင်သော နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနတို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီခွဲက ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ယာပုံ)** နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့်အခြားစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ အကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အက်စ်၊ အယ်လိုင်နစ်ခ်တို့က လက်မှတ်ရေးထိုးကြသည်။ ညပိုင်းတွင် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာအက်စ်၊အယ်လိုင်နစ်ခ်က မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းက ဘယ်လာရုစ်နိုင်ငံ BSVT ကုမ္ပဏီမှ ဒုတိယ ညွှန်ကြားရေးမှူး Mr. Alexander Ivanov အား လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလယ်တန်းကျောင်းဖွင့်ပွဲ တပ်ကုန်းမြို့နယ်၌ကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁၈

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာ အမှတ်(၁၂) အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းမုခ်ဦးကို မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ မြေအလှူရှင် ဦးကျော်ရွှေ၊ အလယ်ကျွန်းကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ပေးအပ်

ဆက်လက်၍ စေတနာမွန် တွင်ခုံပိုင်ရှင် ဦးကျော်ရွှေနှင့် ညီမ ဒေါ်ကြည်လေးတို့က မြေ ၁ ဒသမ ၃၂ ဧကနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လက်ခံယူ

ထို့နောက် ကျောင်းငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို အလှူရှင် ဦးတင်မောင်ဦးရွှေက ပေးအပ်ရာကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီဝင်းက လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(ဝဇီ၁)**

လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ လှိုင်သီရိခန်းမဆောင်၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်တွင် ပဉ္စမတန်းမှ ပညာရည်ချွန်ဆု ပထမရရှိသော ကျောင်းသူ မစောယုနန္ဒာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ် ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့်ပရိဘောဂများ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်း၊ စာအုပ်စာစောင်နှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်အိဇာလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ EVD အောက်စက်တစ်လုံးနှင့်စာအုပ်စာစောင်အုပ်ရေ ၃၀၀၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရေဒီယိုနှစ်လုံးနှင့် စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများက ရေဒီယိုခုနစ်လုံးနှင့် စာအုပ်စာစောင် ၃၂၄၅ အုပ်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ရေဒီယိုတစ်လုံးနှင့် စာအုပ်မျိုးစုံ ၃၀၅ အုပ်၊ သန်လျင်မြို့ ရွှေကျင်ကျောင်းတိုက်က စာအုပ်မျိုးစုံ ၃၀၀နှင့်ကျေးရွာများမှစေတနာရှင်ပြည်သူများက စားပွဲရှစ်လုံး၊ စာအုပ်စင်ခုနစ်ခု၊ ဗီရိုငါးလုံး၊ ခုံတန်းရှည်ကိုးလုံးနှင့် ကုလားထိုင် ၁၃ လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူးက လက်ခံယူသည်။ **(ဝဲပုံ)** လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၃၉၀၅၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မိခင်ရင်ခွင်မှမေတ္တာရင်ခွင်သို့** တရားတော် အရှင်ခေမာသီရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၇)
၈:၄၀	၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရှင်ခုန်သံများ
၈:၅၅	မွန်မြတ်သောအလှူ ကုသိုလ်ယူ တော်ဝင်အောင်၏အလှူ
၉:၁၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉:၃၀	အားကစားမြင်ကွင်းစုံ (မျိုးလှိုင်ဝင်း၊ ကိုပေါက်၊ ဝေမင်းမောင်)
၉:၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နယူးမော်ဒယ်(လ်)**
၁၀:၂၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၀:၅၅	သင်ယူလေ့လာဂီတပညာ (Part-6) (LI.V.I Progression)
၁၁:၁၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Myanmar Hip Hop 10th Anniversary Live Show)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ရန်ကုန်မြင်ကွင်းကျယ် [အထက(၁) ဒလအာစရိယ ပူဇော်ပွဲအခမ်းအနား]
၁၂:၃၅	သူတို့ဓလေ့နှင့် သူတို့အစဉ်အလာ (သဲတောမြို့မှ အလှူမင်္ဂလာ)
၁:၀၀	**မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့** တရားတော် အရှင်ခေမာသီရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **(အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်းမများတာ ကောင်းတယ်)**
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၀)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၇)
၄:၅၅	Activities in the City (ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲအခမ်းအနား)
၅:၁၅	ဥပဒေကျောင်းသားများ၏ အာစရိယပူဇော်ပွဲအခမ်းအနား
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	သင်ကြားရေးလမ်းညွှန် (Naruto International Foreign Language & Education Academy)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၁)
၇:၁၅	Cartoon Show Time (Despicable ME)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ရန်ကုန်မြင်ကွင်းကျယ် (ပဉ္စမအကြိမ်မြောက် ၁၉၇၄-၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဌာန၏ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ)
၈:၄၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- မေစံပယ်ညို)
၉:၁၀	Celebrity Style (နဝရတ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၈)
၁၀:၁၀	**ဘဝတောဝါနှောဘရိသတိ** ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁:၀၅	Celebrity Profile (Lee Byaung Hun)
၁၁:၅၀	မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁၂:၀၀	Movie Mistakes (Speed)
၁၂:၁၅	Shooting Location (ကီလီ ၆)
၁၂:၄၀	Music Talk (မိဘမေတ္တာ)
၁၂:၅၀	နယဉ်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၁:၂၀	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၁:၃၅	တိရစ္ဆာန်လေးတွေ မွေးကြမယ် (Pluto Pet Shop)
၂:၀၀	ဝင့်ကြွားအားမာန်"ကတိုက်"တမံ
၂:၀၅	World of Knowledge (Is It Real; King Aurthur)
၂:၅၀	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
၄:၂၅	**အထင်** ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ စုထက်ကုဋေ၊ ချစ်ပု (ဒါရိုက်တာ-မီးပွား)
၄:၄၅	ရှုတိုင်းလှသည်ပထက်တောင် အတုလရုံသီ
၄:၅၀	ဖူးမည်အမှန်...ထူးမည်ဧကန်... မာရ်ငါးမာရ်...
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး မင်းဘူး(စကု)၌ စံကွက်ရိတ်သိမ်း

မင်းဘူး ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး(စာရင်းအင်းဌာန)မှ ဦးအေးမောင်စိန်၊ မကွေးတိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးအောင်ဝင်းတို့သည် မင်းဘူး(စကု) မြို့နယ် မြေစာရင်းဦးစီးဌာနသို့ သွားရောက်၍ မင်းဘူး(စကု)မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးကျော်သိန်း၊ မြို့နယ်စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြှင့်တင်ရေးအဖွဲ့၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၂၈ ရက်က မင်းဘူး(စကု) မြို့နယ် ထနောင်းတောကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၈၉)၊ ဦးပိုင်အမှတ်(၁၀၆)မှ တောင်သူဦးမြင့်ကို၏ မနောသုခစပါး ၀ ဒသမ ၆၅ဧက၌ မိုးစပါး ရိတ်သိမ်းကြသည်။ **(ယာပုံ)**

ထွက်ရှိ

အဆိုပါ စံကွက်မှ အညှံ့စား စပါး တစ်ဧက ၆၁ ဒသမ ၇၅ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်း

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအခွန့်ရှည် မြန်မာပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားသစ်လောင်း

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး နှစ်ပေါင်း ၆၀ကျော် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံခဲ့မှုကို ပိုမို အခွန့်ရှည်စေရေး၊ မြန်မာပြည်သူများ၏ အသိပညာ ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ယနေ့အခမ်းအနားသည် အားသစ်လောင်းသည့် အခမ်းအနားတစ်ခုဖြစ်၍ ဝမ်းမြောက်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ ကျေးရွာ ၆၀၀၀၀ ကျော်အနက် ကျေးရွာ ၅၅၇၅၅တွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်ထံ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် စီဒီခွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖော်ဆောင်လျက်ရှိ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ မြင့်မားစေရေး၊ ပြည်သူများမီဒီယာ ကိုယ်ခံစွမ်းအား ကောင်းစေရေးနှင့် ပြည်သူတစ်ရပ်လုံးက ဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရေးစသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ရာတွင် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ ရုပ်မြင်သံကြား ဖမ်းစက်၊ ရေဒီယို စုစုပေါင်းတန်ဖိုး ပမာဏ ၁၁ ဒသမ ၉ ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

တည်ထောင်ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် စံ(၅)ချက်ကိုလည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက်များဖြစ်လာစေရန်အတွက် မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပြည်သူများ၊ စာပေ ပညာရှင်များနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကို ၂၀၁၀ခုနှစ် မေ ၁၅ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ၎င်းဖောင်ဒေးရှင်းသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း အစဉ်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုကိုအခြေခံသည့်နည်းဖြင့် ရန်ပုံငွေရှာဖွေမည်ဖြစ်၍ ပြည်သူအားလုံးက လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်လာရေး၊ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်အောင်မြင်ပြီးနောက် ကျေးလက်ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး စသည်တို့မှာ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်(၃)ရပ်ဖြစ်ကြောင်း။

ဖော်ပြပါ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း လုပ်ငန်းများအောင်မြင်ရေးအတွက် စာအုပ်စာစောင်ပေါင်း ၈၁၇၂အုပ်၊ စီဒီခတ်ပြား ၂၁၆ချပ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၄၈၅၄၀၀၀ လှူဒါန်းခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် ဝန်ထမ်းမိသားစုများအား အထူးကျေးဇူးတင်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအခွန့်ရှည်

မြဝတီရုပ်မြင်သံကြား

၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၇။ ရှေးဟောင်းသုတ
- ၄း၃၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၄၅ ၉။ မြန်မာ့ရှုခင်း
- ၄း၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
- ၅း၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၁)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၅။ Mail Box
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူ ရဲကောင်းလေးများ** (အပိုင်း-၃၉)
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၈)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **ကြိုက်သလောက်ပြော၊ ကျသလောက်ရှင်း** အပိုင်း(၂) (ဇာတ်သိမ်း) သူရလင်း၊ ဧရာ၊ ကျင်ဝှက်၊ ကျော်ထူး၊ ဝက်မ၊ ချစ်စု၊ ငွေတိုး၊ မိုးတိမ်၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ငွမ်းပုံ၊ မျိုးမျိုးခိုင် ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)
- ၂၃။ Internet Website ကဏ္ဍ/ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း -၄၈)
- ၂၆။ **ဘာတောဝါနောဘရီသတိ** အကယ်ဒမီဖိုးကျော်၊ နေဆန်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်းနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကြည်စိုးထွန်း)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ လှူဒါန်းသည့် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော သုတရသစာအုပ်စာစောင်များနှင့် စီဒီခွေများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပါစေကြောင်း၊ နှစ်နိုင်ငံမီဒီယာကဏ္ဍ ပိုမို ပူးပေါင်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပြန်လည်ပေးအပ်

ယင်းနောက် သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက စာအုပ်စာစောင်များနှင့် စီဒီခွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်း၊ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှလှူဒါန်းသည့် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော သုတရသ စာအုပ်စာစောင်များနှင့် စီဒီခွေများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက မတည်အလှူငွေများဖြင့် တည်ဆောက်လျက်ရှိသော စာကြည့်တိုက်မှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

လှူဒါန်း

ယနေ့အခမ်းအနားတွင် ငွေကျပ် ၄၄၆၃၈၀၀၀ တန်ဖိုးရှိ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော သုတရသ စာအုပ်စာစောင် ၈၁၇၂ အုပ်နှင့် ငွေကျပ် ၂၁၆၀၀၀ တန်ဖိုးရှိ စီဒီခွေမျိုးစုံ ၂၁၆ ခွေ စုစုပေါင်း ငွေကျပ် ၄၄၈၅၄၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် စီဒီခွေမျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဝေဇယန္တာလမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)-ဒေါ်တင်တင်နွဲ့၊ သား ကိုစည်သူထင်ကျော်၊ သမီး မအိသက်သက်ဆွေ၊ သား ဒေါက်တာကောင်းကျော်ဆွေ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်မည့် ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီရိန္ဒယ်၊ ဒေါက်တာယဉ်သန္တာလွင်၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာတင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ထောက်ပံ့မှု

ထို့နောက်အဆိုပါအဖွဲ့သည် ဗိုလ်စိန်မှန်ရပ်ကွက်နှင့် ကျိုက္ကဆံရပ်ကွက်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက်ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးဝါး၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်းသိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

Lunar New Year Special အစီအစဉ်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ဝန်ဆောင်မှု အသစ်များဖြင့် ပြန်လည်ပြင်ဆင် ဖွင့်လှစ်ထားသော Chinatown Point Center ၌ ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ Lunar New Year Special အစီအစဉ်ကို ကျင်းပမည်ဖြစ်သည်။

Customer များ အနေဖြင့် Chinatown Point Center ရှိ City Mart Supermarket အပါအဝင် အခြားဆိုင်ခန်းများမှ ငွေရှင်းဖြတ်ပိုင်းများကို ပေါင်း၍ ငွေကျပ် ၅၀၀၀၀ ဖိုး ပြည့်တိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရရှိကံစမ်းနိုင်မည်ဖြစ်သည်။

ရရှိကံစမ်းနိုင်မည့် ဆုများမှာ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆု ကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ကျပ် သုံးသောင်းတန် ၁၀ ဆုကို နှစ်သစ်ကူးလက်ဆောင်အဖြစ် Shopping Center Gift Voucher များဖြင့် ချီးမြှင့်ပေးမည် ဖြစ်သည်။

ကံထူးရှင်များအား ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် အနုပညာရှင်များက ရွေးချယ်ပေးမည်ဖြစ်သည်။ Lunar New Year Special အစီအစဉ်ကို China-town Point Center နှင့်အတူ Diamond Plus & Wema & $qdkif, Cherry Oo နာရီဆိုင်၊ J'Donuts, Mobile Star နှင့် Tony & Guys Beauty Spa တို့က Sponsor များအဖြစ် ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

(သတင်းစဉ်)

Lunar New Year Special အစီအစဉ် ကျင်းပမည့် Chinatown Point Center ကို တွေ့ရစဉ်။

ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေတောင် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ပလူဇဝဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ရွှေတောင် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ရွှေတောင် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန်နေဂျင်းဒါရိုက်တာတို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီးက ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဦးမြို့နယ်၌ လွတ်လပ်ရေးနေ့ကျင်းပ

ရေဦး ဇန်နဝါရီ ၁၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရေဦးမြို့နယ် အားကစားကွင်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌက ဖတ်ကြားကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၈နာရီ ၄၈မိနစ် စက္ကန့် ၃၀ တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင်၂၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့နယ် ရွှေညောင်ပင်ကျေးရွာ၏ အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများနင်းမိ၍ အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာနေ ဦးသန်းဝင်းသည် တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် ဇန်နဝါရီ ၁၇ရက် နံနက် ၁၀ နာရီခန့်တွင် ရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ **KNU** အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ ယာဘက်ခြေမျက်စိမှပြတ်ပြီး ဝဲဘက် ခြေသလုံးနှင့် ဝဲဘက်ပေါင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ ကြာအင်းဆိပ်ကြီးမြို့မှ မောင်လွှမ်းထက်အောင်သည် ရော်ဘာခြံသို့ သွားရောက်စဉ် ဇန်နဝါရီ ၁၇ရက် ညနေ ၃နာရီခန့်တွင် မြို့၏အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ **KNU** အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ယာခြေသလုံးကျိုး၍ ဝဲဘက်ဒူးနှင့် ဝဲဘက်လက်မောင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

ကူညီစောင့်ရှောက်ပေး

အဆိုပါဒဏ်ရာရရှိသူများအား မြဝတီမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်ဆေးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

သရုပ်ဆောင် ဝါဝါဝင်းရွှေ၊ ရန်အောင်တို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၁၈

ရင်ခုန်ရတဲ့ အကယ်ဒမီ။ အများစိတ်ဝင်စားနေတဲ့ အကယ်ဒမီဆုချီးမြှင့်ပွဲညချမ်းကို နိုင်ငံတစ်ဝန်း ရုပ်ရှင်ကြည့် ပရိသတ်တွေ မျှော်လင့်စောင့်စားနေကြလိမ့်မယ်လို့ ထင်ပါတယ်။

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲကြီးကို နေပြည်တော်မှာ မကြာမီ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ရုပ်ရှင်အနုပညာရှင်တွေ အနေနဲ့ ဒီနှစ်ဘယ်ရုပ်ရှင်အနုပညာရှင်တွေ၊ သရုပ်ဆောင်တွေအကယ်ဒမီဆုဆွတ်ခူးနိုင်မလဲလို့ ခန့်မှန်းမျှော်လင့် နေကြသလို ရုပ်ရှင်ချစ်ပရိသတ်တွေ အနေနဲ့လည်း ဘယ်သရုပ်ဆောင်တွေ အကယ်ဒမီဆုကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးသွားလေမလားဆိုတဲ့ အတွေးကိုယ်စီနဲ့ ရှိနေကြလိမ့်လို့ ထင်ပါတယ်။

ပရိသတ်ဆိုတာက ကိုယ်သဘောကျတဲ့ နှစ်သက်တဲ့ သရုပ်ဆောင်တွေကို အကယ်ဒမီဆု ရစေချင်ကြတာတော့အမှန်ပါပဲ။ ဒါပေမယ့် တစ်ခါတလေကျတော့ အကယ်ဒမီဆိုတာ မျှော်မှန်းထားသလို ဖြစ်မလာတတ်ဘဲ မမျှော်လင့်တဲ့ သရုပ်ဆောင်ချက်တွေကြောင့်လည်း အကယ်ဒမီဆုကြီးကို ဆွတ်ခူးသွားတတ်ပါတယ်။

ဒါကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့အနေနဲ့ ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနဲ့အိန္ဒြာကျော်ဇင်တို့ရဲ့ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြား မင်္ဂလာအခမ်းအနားသို့ သွားရောက်ပြီး ရုပ်ရှင်အနုပညာရှင်အချို့ကို အကယ်ဒမီဆုနဲ့ ပတ်သက်ပြီး ခန့်မှန်းချက်လေးတွေကို မေးမြန်းစေ့ငုခဲ့ပါတယ်။ ဦးစွာ တွေ့ဆုံ မေးမြန်းခဲ့တဲ့သူကတော့

"ဒီနှစ်မှာ ကိုယ့်ရဲ့ အနုပညာကို ဆက်ခံမယ့် ကလေးတွေ အားလုံးအတွက် ရင်ခုန်မိပါတယ်"

ထပ်ဆင့်အကယ်ဒမီ
ဝါဝါဝင်းရွှေ။

မာမီရှိန်း ဇာတ်ဝင်ခန်းမှ ရန်အောင်နှင့် နေတိုးတို့၏ အသွင်မတူသည့် အားပြိုင် သရုပ်ဆောင်ချက်။

တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တဲ့အကယ်ဒမီများရှင် ဒေါ်ဝါဝါဝင်းရွှေပဲ ဖြစ်ပါတယ်။

ထပ်ဆင့်အကယ်ဒမီ
ဝါဝါဝင်းရွှေ

မေး။ ။ အန်တီဝါ မင်္ဂလာပါ။ ကျွန်တော်တို့ မြန်မာ့အလင်းသတင်းအဖွဲ့ကပါ။ ၂၀၀၉ ခုနှစ်အတွက် ဘယ်သရုပ်ဆောင်တွေ အကယ်ဒမီဆုရှင်ဖြစ်လာမယ်လို့ အန်တီအနေနဲ့ ပြောသံ၊ ခန့်မှန်းသံ ကြားမိပါသလဲ၊ ကြားသိရသမျှလေး ပြောပေးပါခင်ဗျာ။

ဖြေ။ ။ ဒီနှစ်မှာကိုယ့်ရဲ့ အနုပညာကို ဆက်ခံမယ့်ကလေးတွေ အားလုံးအတွက် ရင်ခုန် မိပါတယ်။ ဒီထဲမှာ ကားထုပ်တွေကို ဆန်းစစ်လိုက်တဲ့အခါ မောင်နေတိုးက အိုက်တင်အစုံ လုပ်ထားတာ တွေ့ရတယ်။ သူကတော့ မျှော်လင့်ချက်အရှိဆုံးလို့ ပြောလို့ ရပါတယ်။ ဒါပေမယ့် မောင်မြင့်မြတ်ကလေးကလည်း ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **ကျောက်စက်ရေ** ဇာတ်ကားမှာ အတော်လေး ကြိုးစားထားတာ တွေ့ရပါတယ်။ သူလည်း မျှော်လင့်ချက်ရှိပါတယ်လို့ ပြောကြားခဲ့ပါတယ်။

ထို့နောက် အကယ်ဒမီများရှင် ရန်အောင်နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

ထပ်ဆင့်အကယ်ဒမီ ရန်အောင်

မေး။ ။ ကိုရန်လေး ၂၀၀၉ ခုနှစ်အတွင်းမှာ ရုပ်ရှင်ဇာတ်ကားကြီး ဘယ်နှကားရိုက်ကူးခဲ့ပါသလဲ။

ဖြေ။ ။ ဒီ ၂၀၀၉ ခုနှစ်ထဲမှာ ကိုယ်ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့တဲ့ဇာတ်ကား လေး ငါးကားလောက်တော့ ရှိမယ်ထင်ပါတယ်။

မေး။ ။ မှတ်မိသလောက် ပြောပြပေးပါဦး။

ဖြေ။ ။ အဲ- မှတ်မိသလောက် ပြောပြရမယ် ဆိုရင်တော့ ဒါရိုက်တာ ဒေါန ရိုက်ကူးတဲ့ **ချစ်ကံပွင့်နှင့် မချောလေးဆယ်**၊ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးတဲ့ **မာမီရှိန်း**၊ ဒါရိုက်တာ မောင်မောင်ဦး(စနိုးဝှိုက်)ရိုက်ကူးတဲ့ **ပင်လယ်ကို ဖြတ်၍**၊ ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **ကျောက်စက်ရေ** ဇာတ်ကားတွေမှာ သရုပ်ဆောင်ထားပါတယ်။

မေး။ ။ ဒါနဲ့ ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီ ဘယ်သူရမယ်လို့ ကြားသလဲ။ ကိုရန်လေး ကြားသိသမျှလေး ပြောပြပေးပါဦး။

ဖြေ။ ။ ဒီနှစ်ထဲမှာတော့ နေတိုးက အိုက်တင်မျိုးစုံ ပါဝင်သရုပ်ဆောင်ထားတာ တွေ့ရပါတယ်။ မြင့်မြတ်ကလည်း **ကျောက်စက်ရေ**မှာ အတော်ကြိုးစားထားတာ တွေ့ရတယ်။

မေး။ ။ အမျိုးသမီး သရုပ်ဆောင်ထဲကကော ဘယ်သူဖြစ်လာမယ်လို့ ခန့်မှန်းထားပါသလဲ။

ဖြေ။ ။ အမျိုးသမီးထဲကတော့ အူဝဲ အိန္ဒြာကျော်ဇင်နဲ့ စိုးမြတ်သူဇာ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗိုတို့လို့ ကြားပါတယ်။

မေး။ ။ ကိုရန်လေး အကယ်ဒမီဆုရတုန်းက ခံစားမှုလေး ပြောပါဦး။

ဖြေ။ ။ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ အကယ်



"အကယ်ဒမီဆုဆိုတာ သရုပ်ဆောင်တိုင်း အလိုအပ်ဆုံး အရာပါ"

ထပ်ဆင့်အကယ်ဒမီ
ရန်အောင်။

ဒမီဆိုတာ ရုပ်ရှင်သရုပ်ဆောင်တိုင်း မျှော်လင့်ကြတာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ အလွန်ပဲ တန်ဖိုးထားကြပါတယ်။

မေး။ ။ အစ်ကို့ရဲ့ အနုပညာခံယူချက်လေး ပြောပြပေးပါဦး။

ဖြေ။ ။ ပြည်သူချစ်တဲ့ အနုပညာရှင် တစ်ယောက်အဖြစ် ကျရာ ဇာတ်လမ်းဇာတ်ကွက်တိုင်းမှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်လို့ မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါတယ်။

သရုပ်ဆောင် ရန်အောင်ဟာ အနုပညာသက်တမ်းရလာတာနဲ့အမျှ သရုပ်ဆောင် အရည်အချင်း ပြည့်ဝသူ တစ်ဦးဖြစ်တာမို့သူ့ရဲ့ အကယ်ဒမီရင်ခုန်သံဟာ ပရိသတ်တွေအတွက် စိတ်ဝင်စားဖွယ် ခန့်မှန်းချက်တွေ ဖြစ်နေလိမ့်မယ် ထင်ပါတယ်။

များသောအားဖြင့် အကယ်ဒမီဆုအတွက် သရုပ်ဆောင်တွေရဲ့ ခန့်မှန်းချက်နဲ့ ပရိသတ်တွေရဲ့ ခန့်မှန်းချက်ဟာ တစ်ထပ် တည်းကျတတ်ပါတယ်။ ဒီအချိန်မှာ ကြိုးစားအားထုတ်ထားသူ သရုပ်ဆောင်တွေအတွက်တော့ အကယ်ဒမီပွဲ နီးလာလေလေ အကယ်ဒမီ ရင်ခုန်သံတွေ ပိုလို့ပိုလို့ မြန်နေမှာ အမှန်ပါပဲ။ အလားတူပါပဲ၊ ရုပ်ရှင်ကြည့် ပရိသတ်တွေဟာလဲ အကယ်ဒမီပွဲကြီး နီးလာလေ မိမိရစေချင်တဲ့သူတွေအတွက် ရင်ခုန်သံတွေမြန်နေမှာ အမှန်ပါပဲ။ ။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံရပ်ခြား ပညာသင်ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

နဝရတ်ပညာရေး၏ Education for All အစီအစဉ်အရ နိုင်ငံရပ်ခြားပညာသင် သိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ Traders Hotel (ကုန်းဘောင်-တကောင်း)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်း ဟောပြောပွဲတွင် ပြည်တွင်း၌ပင် လေ့လာဖြေဆိုနေကြသော LCCI/ ACCA နှင့် City & Guilds စသော နိုင်ငံရပ်ခြားစာမေးပွဲဌာန (Exam Bodies) များမှချီးမြှင့်သည့် ဘာသာရပ်အလိုက် အောင်လက်မှတ်များ၏ ပညာဆက်လက်ဆည်းပူးခြင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်များသို့ ကိုယ်တိုင်သွားရောက် သင်ယူလိုပါက ပညာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များအကြောင်းကို ဒေါက်တာနေက ၂၀၁၁နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး (အခမဲ့)တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာအတွက် နဝရတ်ပညာရေး အမှတ် ၈၂(တ-ထပ်) အနော်ရထာလမ်း(၃၉လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀နှင့် ၀၁-၇၃၀၄၉၆၁၃ တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မြန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ကို ဒီဇင်ဘာ ၁၅ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခိုင်သစ္စာလမ်းဖြတ်ပေါ်ရှိ (Box Culvert) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသန်းအေး ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇဂျမ်းကျေးရွာ အုပ်စုထိန်ကန်ကျေးရွာရှိ လေးလက်မ စက်ရေတွင်းမှ ရေထွက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် ဒိုင်နမို၊ အင်ဂျင်နှင့် ရေပန့်တပ်ဆင်ခြင်းကို အမှုဆောင်အရာရှိ ဦးလှဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၈ ရက် က မိုင်းပွန်လမ်းနှင့် ဩဘာလမ်းထောင့်ရှိ ရေမြောင်းအတွင်း အမှိုက်သရိုက်များ နုန်းများဆယ်ယူခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် အင်တောကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့် ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ -၂ စက်မှု ဦးစိုးမင်းလတ်နှင့်ဝန်ထမ်းများ ဇန်နဝါရီ ၁၀ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၁ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် [illegible] ရရှိသည့် ဦးစကျော်စွာ (ဆုထူးမ) အား ချစ်ဇနီး ချစ်သမီးတို့မှ ဂုဏ်ယူပါကြောင်း နိုင်ငံအကျိုး သာသနာ့အကျိုး ပိုမိုထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ချစ်ဇနီး - [illegible]
ချစ်သမီးကြီး - [illegible]
ချစ်သမီးငယ် - [illegible]

ရွှေမန္တလာ

ရန်ကုန် – နေပြည်တော် – မန္တလေး

ရန်ကုန်မှ ထွက်ချိန်... ၇း၃၀ နာရီ
မန္တလေးမှ ထွက်ချိန်... ၈း၀၀ နာရီ
စတင်ပြေးဆွဲမည့်နေ့ရက်... ၂၃-၁-၂၀၁၁ ရက်

လွှတ်လပ်ရေးနေ့ကို ဂုဏ်ပြု စာဖတ်ပြိုင်ပွဲကျင်းပ

နမ့်ခမ်း ဇန်နဝါရီ ၁၈

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန့်ခမ်းကျေးရွာ ထွန်းသစ်စ စာကြည့်တိုက်တွင် ဒို့ကျေးရွာဂျာနယ် စာဖတ်ပြိုင်ပွဲကို ဇန်နဝါရီ ၃ရက် မွန်းတည့် ၁၂နာရီတွင်ကျင်းပရာ ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက ဒို့ကျေးရွာဂျာနယ်ဖတ်ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စာဖတ်ပရိသတ် ၂၀အား ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၂၄)ကို ဖတ်ကြားစေပြီးနောက် ဖြေကြားကြသည်။ ယင်းနောက် ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် မန့်ခမ်းကျေးရွာ ဥက္ကဋ္ဌ ဦးမောင်ခင်တို့က စာဖတ်သူများ၏ အဖြေလွှာများ စစ်ဆေးပြီး အဖြေမှန်အများဆုံးရသူများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုလာ [illegible]

သင့်သွေး ဖြင့် အသက် ကယ်ပါ

K Future Co., Ltd. မှ သွေးကြောသွင်းဆေးရည်များ ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၁၈

K Future Co., Ltd. သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါးများအနက် သွေးကြောသွင်းဆေးရည်ငါးမျိုးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရယူဖြန့်ဖြူးလျက်ရှိရာ အဆိုပါ သွေးကြောသွင်းဆေးရည်ငါးမျိုးမှာ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)နှင့် အင်ရောင်း(ကျောက်ဆည်)တို့မှ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော ဆေးရည်များဖြစ်ပြီး သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နိုင်မှု စွမ်းအားအရ သွင်းကုန်အစားထိုးအဖြစ် ကျန်းမာရေးလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်သည်။

ဈေးနှုန်းသက်သာ

ဈေးကွက်အတွင်း တင်သွင်းသည့် သွေးကြောသွင်းဆေးရည်များကို နမူနာယူ၍ မြန်မာနိုင်ငံမှ ထုတ်လုပ်သော သွေးကြောသွင်းဆေးရည်နှင့် အရည်အသွေးတွက်ချက်နည်းစဉ်ဖြင့် စမ်းသပ်စစ်ဆေးရာတွင် Dextrose, Dextrose and Sodium Chloride , Sodium Chloride နှင့် Compound Sodium Lactate ပါဝင်မှုရာခိုင်နှုန်း အချိုးအစားများမှာ ပြည်ပမှ သွင်းကုန်သွေးကြောသွင်းဆေးရည်များထက် ပိုမိုပြီးအရည်အသွေးသာလွန်တိကျကောင်းမွန်ကြောင်း၊ မြန်မာနိုင်ငံမှထုတ်လုပ်သော သွေးကြောသွင်းဆေးရည်များ၏ အရည်အသွေး ကောင်းမွန်မှု၊ GMP နှင့်အညီ ထုတ်လုပ်ထားရှိမှုတို့တွင် Flip- off Aluminium Cap with Rubber Insert နှင့်အဆင့်မြင့် ပလတ်စတစ် bottle အားသုံးစွဲထားပြီး ဈေးနှုန်းတွင်လည်း ပြည်ပမှတင်သွင်းသော သွေးကြောသွင်းဆေးရည်များ ထက်သက်သာသည်။



ဆေးရည်ငါးမျိုး

K Future Co., Ltd. က ကိုယ်စားလှယ်ရယူဖြန့်ဖြူးနေသည့် Essential Drug Infusion စာရင်းဝင်သွေးကြောသွင်းဆေးရည်ငါးမျိုးမှာ (၁) ၅ရာခိုင်နှုန်း Dextrose Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၂) ၀ ဒသမ ၉ရာခိုင်နှုန်း Sodium Chloride Infusion(Physiological Saline) ခန္ဓာကိုယ်အတွက်ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်ဖြည့်ဆေးရည်၊ (၃) Dextrose ၅ ရာခိုင်နှုန်း & Sodium Chloride ၀ ဒသမ ၉ ရာခိုင်နှုန်း Infusion (Dextrose & Physiological Saline)ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၄) Dextrose ၂ ဒသမ ၅ ရာခိုင်နှုန်း & Sodium Chloride ၀ ဒသမ ၄၅ ရာခိုင်နှုန်း Solution (½ Strength DPS) ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်နှင့် စွမ်းအင်ပြည့်ဆေးရည်၊ (၅) Ringer's Lactate Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဓာတ်ဆားများဖြည့်ဆေးရည်တို့ ဖြစ်ကြသည်။

ဆက်သွယ်ဝယ်ယူနိုင်

ယင်းသွေးကြောသွင်းဆေးရည်များကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉) မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက်၌ ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ကျင်းပမည့် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်များညီလာခံ (၂၀၁၁)တွင် မိတ်ဆက်ပြသရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အရောင်းကိုယ်စားလှယ် ရယူလိုသူများနှင့် ဝယ်ယူလိုသူများအနေဖြင့် K Future Co., Ltd. တိုက်(၁၇) အခန်း(၃) စံပယ်လမ်း (ယုဇနပလာဇာအနီး) တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၉၆၆၆၆ နှင့် ၇၃၁၄၆၆၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများဖြစ်ပွား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ

အထူးအလေးထား လိုက်နာရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုတစ်မှု၊ ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်ခိုက် တိမ်းမှောက်မှု နှစ်မှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယာဉ်တိုက်ခိုက် တိမ်းမှောက်မှု နှစ်မှုတို့ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်တိမ်းမှောက်မှုဖြစ်စဉ် ငါးခုအနက် လေးခုတွင် လူသေဆုံးမှုများ ရှိခဲ့သဖြင့် ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှု အားနည်းပါက ယခုကဲ့သို့ အဖြစ်ဆိုးမျိုး တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့နိုင်သောကြောင့် အထူးအလေးထား လိုက်နာကြရန် လိုကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

နောက်မှဝင်တိုက်

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မယ်ဇယ်ပင် ကျေးရွာအနီး ကူမဲ-ကင်းတား လမ်းဘေး၌ နံနက် ၇နာရီခွဲခန့်တွင် လမ်းဘေး၌ရပ်ထားသော စက်ဘီးအား ထော်လာဂျီယာဉ်တစ်စီးက နောက်မှဝင်တိုက်မိခဲ့သဖြင့် လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရွာသစ် မှတ်တိုင်အနီး၌ နံနက် ၈နာရီခွဲခန့်တွင် လမ်းယာဘက်မှ လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးအား ထော်လာဂျီယာဉ်တစ်စီးက နောက်မှဝင်တိုက်မိခဲ့သဖြင့် ယင်းအမျိုးသမီး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် လှည်းကူးမြို့နယ် ဖောင်ကြီး- လှည်းကူး ကားလမ်း မိုင်တိုင်အမှတ် (၃)၌ နံနက် ၁၁နာရီခွဲခန့်တွင် ဟိုင်းလတ်ခရီးသည်တင် ယာဉ်တစ်စီးသည် ယာဉ်၏နောက်ဝဲဘီးပွင့်ထွက်ပြီး လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၂၇ဦး ဖူးရောင်ပေါက်ပြဲ ဒဏ်ရာများ ရရှိခဲ့သောကြောင့် လှည်းကူးမြို့နယ် ဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ ပို့ဆောင် ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အရှိန်လွန်တိမ်းမှောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ်(၁၄၂/၆)နှင့် (၁၄၂/၇) အကြား၌ နံနက် ၁၁နာရီခန့်တွင် ဆိုင်ကယ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ အလားတူ နောင်ချိုမြို့နယ် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၇၀/၇)နှင့် (၇၁/၀)အကြား၌ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ခန့်တွင် ဆိုင်ကယ်တစ်စီးအား မော်တော်ယာဉ်တစ်စီးက ဝင်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်ပေါ်ပါရှိသူ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စိတ်ဖောက်ပြန်သူ လူသတ်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၈

စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ဈေးလမ်း တိုက်အမှတ်(၂၇)ရှိ အပေါ်ထပ်တိုက်ခန်းတစ်ခန်းတွင် ဇန်နဝါရီ ၁၆ ရက် နံနက်က ကလေးငယ်တစ်ဦးအား သတ်ဖြတ်နေကြောင်းသတင်းအရ စမ်းချောင်းမြို့နယ်ရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရဲကြည်၊ စခန်းမှူး ရဲအုပ်ငွေစိုး၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်ခင်လှိုင်နှင့် အဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အရှေ့ခန်းတွင် (ဘ)ဦးစိန်အေး၏သား မောင်သော်အောင် (၄) နှစ်မှာ သေဆုံးနေကြောင်း တွေ့ရပြီး စုံစမ်းစစ်ဆေးရာတွင် တစ်အိမ်တည်းအတူနေသူ ဦးလေးဖြစ်သူ မြင့်သိန်း(ခ)ဟာနက် (၃၀) နှစ် (ဘ)ဦးရှန်ရှူးဘိုင်သည် တူဖြစ်သူ မောင်သော်အောင်အားသတ်ပြီး နေအိမ်နောက်ဖေးအထပ်မြင့်မှ ခုန်ချထွက်ပြေးကြောင်း၊ ထိုသို့ခုန်ချစဉ် နောက်ဖေးလမ်းကြားတွင် လက်နှစ်ဖက်စလုံးကျိုးပြီး မျက်နှာတွင် ဒဏ်ရာရကာ သတိလစ်နေရာမှ ဆေးရုံသို့ပို့စဉ် လမ်းခရီး၌ သေဆုံးသွားကြောင်း သိရသည်။

စိတ်ဖောက်ပြန်

ဖြစ်ပွားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ဆက်လက် စစ်ဆေးဆောင်ရွက်ရာ တရားခံမြင့်သိန်း(ခ) ဟာနက်မှာ စိတ်ရောဂါသည်တစ်ဦးဖြစ်ပြီး စိတ်ဖောက်ပြန်နေကြောင်း သိရှိရသည်။

(၁၀၃)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အကယ်ဒမီဆုပေးပွဲကြီး၌ ဇန်းကိုင်မည့်သူများနှင့် တွေ့ဆုံခြင်း၊ အနုပညာရှင်တို့၏ အကယ်ဒမီ ရင်ခုန်သံများ၊ မြန်မာများ ဗန်ကောက်မြို့တွင် ထိုင်းနိုင်ငံသား ခံယူစရာမလိုဘဲ ကွန်ဒိုတိုက်ခန်းဝယ်နိုင်ပြီ၊ ဂျပန်နှင့်တောင်ကိုရီးယားမှ ကားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန်ကမ်းလှမ်း၊ မြင်းကောင်ရေ ၅၀၀ အားရှိ သင်္ဘောကြီးကို ရေဓာတ်ငွေ့ဖြင့် မောင်းနှင်တော့မည်၊ နိုင်ငံတကာ စာမဲ့ကာတွန်း ပထမဆုကို မြန်မာမှ ပထမဆုံးရရှိ၊ အလုပ်ရှင်နှင့် အလုပ်သမားများကို အွန်လိုင်းပေါ်တွင် တိုက်ရိုက်ချိတ်ဆက်နိုင်မည့် အလုပ်ရှာဖွေရေးဝက်ဘ်ဆိုက်လွှင့်တင်၊ ဗီဒီယိုစနစ်ပါဝင်သော ဟန်းဆက်ကို ပြည်တွင်း၌ စတင်ထုတ်လုပ်၊ တန်ဖိုးနည်း ကွန်ဒို အခန်းများ ပထမဆုံးအကြိမ် ရောင်းမည်၊ ကိုရီးယားမင်းသား ကီဘမ်း (F4) နှင့် မင်းသမီးဆောင်းယူရီ (နှင်းပွင့်ဧကရီ)တို့ တော်ဝင်စင်တာဖွင့်ပွဲအမီ မလာနိုင်တော့၊ စင်ကာပူနှင့် မလေးရှားတွင် ကျင်းပမည့် မြန်မာအနုပညာရှင်များ၏ အကြီးဆုံးဂီတဖျော်ဖြေပွဲကြီးကို MRTV-4 နှင့် MI Channel တွင် ပြသပေးမည်၊ ပထမဆုံးအကြိမ် မြန်မာ့အတူဆုံးအမွှာများ ရွေးချယ်ပွဲကျင်းပ၊ ကမ္ဘောဇမှ နေပြည်တော်အသင်းသို့ ခံစစ်မှူး မိုးဝင်း တစ်လငွေကျပ် ၂၅ သိန်းဖြင့် အမြင့်ဆုံးစံချိန်တင်ပြောင်းရွှေ့၊ အပြင်းစားအက်စစ်များ တင်ဆောင်လာသော သင်္ဘောတိမ်းမှောက်၊ သဘာဝဘေးအန္တရာယ်များ အားလုံးကိုခံနိုင်မည့် အနာဂတ်ဟိုတယ်၊ အရက်မူးနေခြင်းကြောင့် ငှက်များ မြေပြင်သို့ အစုအပြုံလိုက် ပြုတ်ကျသေဆုံးခဲ့ဟုဆို၊ မြစ်ရေများက တောက်ပသော အစိမ်းရောင်အဖြစ် ပြောင်းလဲသွားခဲ့၊ နှင်းပုံကြီးအောက်က ရောမအပေါက်ကြီးထဲသို့ ကုန်တင်ကားကြီးတစ်စီးကျရောက် ပျောက်ကွယ်သွား စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါကလေးတို့ -

[illegible]

Q. Situation of $_{14}Si$ in Periodic table.
Period number → 3
Group number → IV B

Q. Classify the following elements.
Li, S, Ne, B
Li → ~~metal~~ → alkalimetal
S → nonmetal
Ne → noble gas
B → ~~nonmetal~~ → metalloid

Q. What type of bond exists between $_{5}A$ and $_{17}B$? Write the e^- dot-cross structure of the compound formed.

Covalent bond exists between $_{5}A$ and $_{17}B$. e^- dot-cross structure

Chapter (2) မှာတော့ gas law တွေနဲ့ ... [illegible]

Q. Define Boyle's Law in mathematically only.

$V \propto \frac{1}{P}$ (mass and temperature are kept constant)

P = Pressure of the gas
V = volume of the gas

Q. What is the volume of the gas at 27°C when the volume of this gas at 30°C is 380 cm³?

Initial state	Final state
T_1 = 30°C + 273	T_2 = 27°C + 273
= 303 K	= 300 K
V_1 = 380 cm³	V_2 = ?

According to Charles' Law,

$$\frac{V_1}{T_1} = \frac{V_2}{T_2}$$

$$V_2 = \frac{V_1T_2}{T_1} = \frac{380\ cm^3 \times 300\ K}{303\ K} = 376.24\ cm^3$$

Chapter-3 ကတော့ Stoichiometry ဖြစ်တဲ့အတွက် ... [illegible]

[illegible]

Q. Calculate the mass of copper deposited at the cathode when 0.1 A current is passed through copper II sulphate solution for 20 minutes.
(Cu = 63, 1F = 96500 C)

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

[illegible]

$Q = It = 0.1\ A \times (20 \times 60)\ s = 120\ C$

$Cu^{2+} + 2e^- \rightarrow Cu$

2 mol	1 mol
2 F	63 g
2 x 96500 C	63 g
120 C	?

Chapter (5) [illegible] (oxidation-reduction) [illegible] definition [illegible] atom [illegible] oxidation number [illegible] Redox reaction [illegible] equation [illegible] compound [illegible] atom [illegible] oxidation number [illegible] compound [illegible] oxidation number [illegible] atom [illegible] oxidation number [illegible] (+) (-) [illegible] NO_3^- [illegible] oxygen (၃) [illegible] (-2) x 3 [illegible] oxygen [illegible] (-6) [illegible] oxidation number [illegible]

Q. Find the oxidation number of nitrogen in NO_3^-.

$N + 3(O) = -1$ | $N + 3(O) = -1$
$N + 3(-2) = -1$ | $N - 6 = -1$
$N = +5$ | $N = 5$

[illegible] equation [illegible] balance [illegible] oxidation number method [illegible] atom [illegible] oxidation number [illegible] oxidation [illegible] atom [illegible] electron [illegible] electron [illegible] atom [illegible] oxidation number [illegible] atom [illegible] charges [illegible]

Chapter (6) [illegible] rate of reaction [illegible] chemical equilibrium [illegible] definition [illegible] chemical equilibrium [illegible] definition [illegible] factors [illegible] equilibrium [illegible] product [illegible]

Q. What will be the effect on the following equilibrium if the temperature and pressure were increased?

$N_2(g) + 3H_2(g) \rightleftharpoons 2NH_3(g) + heat$

1 mol 3 mol	2 mol
4 mol	2 mol
4 vol	2 vol

- The forward reaction is exothermic reaction and reverse reaction is endothermic reaction.
  If the temperature is increased, endothermic reaction is favored.
  The equilibrium will shift to the left/ reverse reaction will favour.
  Concentration of NH_3 will decrease./ Concentration of H_2 and N_2 will increase.
- The forward reaction is volume decreasing reaction and reverse reaction is volume increasing reaction.
  If the pressure is increased, volume decreasing reaction is favored.
  The equilibrium will shift to the right/ forward reaction will favour.
  Concentration of NH_3 will increase./ Concentration of H_2 and N_2 will decrease.

Chapter (7) [illegible] heat change [illegible] definition [illegible] thermochemical equation [illegible] Hess's Law [illegible]

Thermochemical equation [illegible] substance [illegible] physical state [illegible] heat change [illegible] heat change [illegible] Hess's Law [illegible] physical state [illegible] equation balance [illegible] heat change [illegible] unit [illegible] $kJmol^{-1}$ [illegible] kJ [illegible] equation [illegible] heat change [illegible] unit [illegible] kJ [illegible] per mole [illegible] per mole [illegible]

Q. Write down the thermochemical equation of combustion of hydrogen in air.

$H_2(g) + \frac{1}{2} O_2(g) \longrightarrow H_2O(l) \qquad \Delta H^\circ = -Q\ kJmol^{-1}$

This equation is multiply by 2.

$2H_2(g) + O_2(g) \longrightarrow 2H_2O(l) \qquad \Delta H^\circ = -2Q\ kJ$

equation [illegible] reverse [illegible] heat change [illegible] unit [illegible] per mole [illegible]

Chapter (8 [illegible] 9) [illegible] metallurgy [illegible] metal [illegible] (ore) [illegible] (chemical reaction equation) [illegible] ore [illegible] common name, chemical name, chemical formula [illegible] steel [illegible] alloy [illegible] composition [illegible]

[illegible] washing soda [illegible] backing powder [illegible] chemical name [illegible] formula [illegible] washing soda [illegible] sodium carbonate, Na_2CO_3 [illegible] backing powder [illegible] sodium hydrogen carbonate, $NaHCO_3$ [illegible] ore [illegible] compound [illegible] formula, chemical name [illegible] steel [illegible] alloy [illegible] composition [illegible]

Chapter (10, 11 [illegible] 12) [illegible] manufacture [illegible] (၁) [illegible] (၂) [illegible] chemical [illegible] heat [illegible] gas [illegible]

Chapter (13) [illegible] definition [illegible] acid [illegible] base [illegible] strength [illegible] pH, pOH [illegible] pK_a [illegible] acid [illegible] base [illegible] H^+ ion, OH^- ion concentration [illegible] buffer [illegible] pH [illegible]

[illegible] dissociation equation [illegible] physical state [illegible]

Buffer [illegible] pH [illegible] buffer [illegible] concentration [illegible] dissociation equation [illegible] physical state [illegible] reversible [illegible]

[illegible] pH [illegible] log [illegible]

Chapter (14) Organic Chemistry [illegible] organic compound [illegible] equation [illegible] equation [illegible] compound [illegible] carbon [illegible] (၄) [illegible] equation [illegible]

[illegible] isopropyl chloride [illegible] $CH_3CHClCH_3$ [illegible] $CH_3CH_2CH_2Cl$ [illegible] Reaction condition [illegible]

[illegible] organic chemistry [illegible] petroleum chemistry [illegible] definition [illegible] equation [illegible] (၈) [illegible] (၂) [illegible]

[illegible] Chapter [illegible] Chapter (15) [illegible] plastic polymer [illegible] definition [illegible] equation [illegible] (၆) [illegible] (၂) [illegible]

[illegible] chapter [illegible] chapter [illegible] questions and problems [illegible] chapter [illegible] chapter [illegible]

[illegible]

(၁) [illegible] Grade XI Chemistry Textbook [illegible]
(၂) [illegible] Definition [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]
(၆) [illegible]
(၇) Objective type question [illegible] Textbook [illegible]

[illegible] ၂၀၁၁ [illegible]

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၁ နာရီ မိနစ် ၅၀၊ ၅၆ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၈၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားတောင်ပိုင်းဒေသ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆူမားတြားမြောက်ပိုင်း၌ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့ညနေ ၆ နာရီ ၇ မိနစ် ၄ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၅၀ ခန့်ကွာဝေးသော မြန်မာ နိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားမြောက်ပိုင်းဒေသ)ကို ဗဟို ပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အင်္ဂါဂြိုဟ်လေ့လာရန် စပရစ်ယာဉ်စေလွှတ်မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်

*အင်္ဂါဂြိုဟ်ကို ထပ်မံလေ့လာမှုများပြုလုပ်ရန်အတွက် နေစွမ်းအင်အသုံးပြု အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် စပရစ်**(အောက်ပုံ)**ကို လာမည့် မတ်လလယ်တွင် ပြန်လည်စေလွှတ်ရန်စီစဉ်ထားကြောင်း နာဆာက ဇန်နဝါရီ ၁၈ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။*

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နိုဝင်ဘာမှစတင်ကာ အင်္ဂါဂြိုဟ်၏ တောင်ဘက်ခြမ်းတွင် နွေဦးရာသီကဲ့သို့ ဖြစ်ပေါ်နေသဖြင့် နွေရာသီကုန်ဆုံး မည့် မတ်လလယ်တွင် အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် စပရစ်ကို စေလွှတ်ရန်နှင့် ပြန်လည်လေ့လာမှုများပြုလုပ်ရန် နာဆာက စီစဉ်နေခြင်းဖြစ်သည်။

စတင်ဆောင်ရွက်

ယခုအခါ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် စပရစ်အတွက် နေစွမ်းအင်များ နေ့စဉ်ဖြည့်ဆည်းပေးလျက်ရှိပြီး လာမည့်မတ်လတွင် စေလွှတ်ရန် အသင့်ဖြစ်နေစေရေးအတွက် နာဆာက စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အင်္ဂါဂြိုဟ်ပေါ်တွင် ပြီးခဲ့သည့် ဆောင်းကာလက စပရစ်လေ့လာရေး ယာဉ်အနေဖြင့် လေ့လာရေးလုပ်ငန်းများ မပြုလုပ်နိုင်ခဲ့ဘဲ စက်အစိတ်အပိုင်းအချို့ ချွတ်ယွင်းခဲ့သဖြင့် လေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထား ခဲ့ရသည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် စပရစ်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ စတင်ဆင်းသက်နိုင်ခဲ့ပြီး လေ့လာ ရေးလုပ်ငန်းများကို ပြီးခဲ့သည့် သုံးလခန့်အချိန်အထိ ဆောင်ရွက်ခဲ့ပြီး ရပ်ဆိုင်းခဲ့သည်။ အင်္ဂါဂြိုဟ်လေ့လာရေး စပရစ်ကို ပြီးခဲ့သည့် မေလမှ စတင်ကာ နေစွမ်းအင်ဖြင့် စတင် အသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခင်က စပရစ်ယာဉ်တွင် အသုံး ပြုခဲ့သော မော်တာမှာ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်တွင် ချွတ်ယွင်း ခဲ့ရာ၌ စပရစ်ယာဉ် ရွေ့လျား သွားလာမှုများ ရပ်တန့်ခဲ့ရသည်။ ယခုအခါ ထိုသို့အခက်အခဲ မဖြစ် ပေါ်ရန်အတွက် စပရစ်ယာဉ်ကို နေစွမ်းအင်ဖြင့် အင်္ဂါဂြိုဟ်ပေါ်တွင် လှုပ်ရှားသွားလာစေမည်ဖြစ်သည်။



စပရစ် အာကာသယာဉ် သည် အင်္ဂါဂြိုဟ်ပေါ်တွင် ရှေး နှစ်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့ သော သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု အနေအထားများကို လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***